ရည်ညွှန်းကိုးကားချက် (TOR)
ထောက်ပံ့ငွေအဆိုပြုလွှာရေးသားခြင်းဆိုင်ရာ အတိုင်ပင်ခံ

## ၁။နောက်ခံအကြောင်းအရာ

ဥရောပသမဂ္ဂ (EU) နှင့် မြန်မာနိုင်ငံအကြား နှစ်နိုင်ငံမိတ်ဖက်သဘောတူသစ်ကုန်သွယ်ရေးစာချုပ် (Voluntary Partnership Agreement -VPA) ကို လက်မှတ်ရေးထိုးနိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ပြင်ဆင်ခြင်းနှင့် ဆွေးနွေး ညှိနှိုင်းခြင်းတို့ ပြုလုပ်နိုင်ရန် ယူကေနိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) မှ ရန်ပုံငွေ ဗြိတိန်ပေါင်၂.၅ သန်းကို ထောက်ပံ့မည် ဖြစ်ပါသည်။ EU သို့ မြန်မာနိုင်ငံမှ တင်ပို့သော သစ်နှင့် သစ်တောထုတ်ကုန်များသည် မြန်မာ့ဥပဒေများနှင့် ကိုက်ညီမှုရှိစေရန် VPA က ရည်ရွယ်သည်။ဤ Support Fund ကို စီမံခန့်ခွဲရန် Palladium International နှင့် DFID က စာချုပ် ချုပ်ဆိုထားသည်။ ရန်ပုံငွေ အသုံးပြုမှုနှင့် ခွဲဝေမှုဆိုင်ရာ ဆုံးဖြတ်ချက် များကို ယာယီလုပ်ငန်းဆောင်ရွက်မှုအဖွဲ့ (ITF) မှ ချမှတ်မည်ဖြစ်သည်။ ITF ကို သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ ပတ်သက်စပ်ဆိုင်သူများဖြစ်သော အစိုးရ၊ ပုဂ္ဂလိက နှင့် အရပ်ဖက်အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသည်။ ကြိုတင်ပြင်ဆင်ရန်နှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန်အတွက် VPA Support Fund မှ အချို့ကို အဖွဲ့အစည်းများအတွက် Grant အနေဖြင့် သုံးစွဲခွင့်ပြုမည်ဖြစ်သည်။

ဤစီမံချက်ကြောင့် မိမိတို့၏ ပုံမှန်ဆောင်ရွက်နေကျ လုပ်ငန်းတာဝန်များအပြင် ထပ်ဆောင်း ဆောင်ရွက်မှုများ ပြုလုပ်ရန်လိုအပ်သော မြန်မာ NGO များ၊ အစိုးရ အေဂျင်စီများအနေဖြင့် ထောက်ပံ့ငွေ ရရှိနိုင်မည်ဖြစ်သည်။ ပတ်သက်စပ်ဆိုင်သူများနှင့် VPA ဆွေးနွေးညှိနှိုင်းမှုများအားချိတ်ဆက်ပေးမည့် ဆောင်ရွက်ချက်များနှင့် ပူးတွဲ VPA Roadmap တွင် ချမှတ်ထားသော ဆောင်ရွက်ချက်များပြုလုပ်ရန် ထောက်ပံ့ငွေများကို အသုံးပြုနိုင်မည်ဖြစ်သည်။ ၎င်းတို့တွင် ဆက်သွယ်ရေး၊ ချိတ်ဆက်မှု၊ သင်တန်း၊ VPA ဆိုင်ရာ မှတ်တမ်းမှတ်ရာများ ထုတ်ဝေခြင်း၊ VPA လုပ်ငန်းစဉ်တွင် ချိတ်ဆက်ရန် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သက်ဆိုင်ရာ အကြောင်းအရာများအပေါ် သုတေသနပြုခြင်း သို့မဟုတ် မူဝါဒများနှင့် ဥပဒေများကို ပြန်လည်လေ့လာသုံးသပ် ခြင်းတို့ ပါဝင်သည်။ သတ်မှတ်ချက် များနှင့်ပြည့်စုံသော အဖွဲ့အစည်းများသည် VPA Support Fund အောက်တွင် DFID ထံမှ ရန်ပုံငွေရရှိ နိုင်ရန်ရည်ရွယ်ပြီး အလားအလာရှိသော ရန်ပုံငွေလျှောက်မည့် အဖွဲ့အစည်းများအတွက် မြန်မာ့သစ်တော စီမံအုပ်ချုပ်မှုနှင့်သက်ဆိုင်သော စီမံချက်ဒီဇိုင်းရေးဆွဲခြင်းနှင့် အဆိုပြုလွှာ ရေးသားခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ပေးရန် ပညာရှင်တစ်ဦး (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုကို တရားဝင်သစ်တောထွက် ပစ္စည်းများ ဥပဒေနှင့်အညီကူးသန်းရောင်းဝယ်ဖွံ့ဖြိုးရေးဆိုင်ရာ ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ် လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်း စီမံချက် (FLEGT) က ရှာဖွေနေပါသည်။

Grant writing အလုပ်ရုံဆွေးနွေးပွဲ သုံးခုကျင်းပမည် - ရန်ကုန်၊ မန္တလေးနှင့် ထားဝယ်တို့တွင် တစ်ခုစီကျင်းပမည်ဖြစ်သည်။ ထို့အပြင် ရန်ကုန်တွင် Grant Evaluation အလုပ်ရုံဆွေးနွေးပွဲ တစ်ခုလည်း

ပြုလုပ်မည်ဖြစ်သည်။ Grant အလုပ်ရုံဆွေးနွေးပွဲလေးခုပြုလုပ်မည်ဖြစ်ပြီး တစ်ခုစီတိုင်းအတွက် ကုန်ကျမှုများကို အဆိုပြုလွှာတွင် အသေးစိတ် ရေးသားဖော်ပြရမည်ဖြစ်သည်။

## ၂။ ရည်ရွယ်ချက်များ

- VPA Support Fund သို့ မြန်မာနိုင်ငံမှအဖွဲ့အစည်းများ၊ သုတေသနအဖွဲ့များ၊ ပုဂ္ဂလိကကဏ္ဍ သို့မဟုတ် အခြားပါတနာများမှရေးသားတင်ပြသော ရန်ပုံငွေအဆိုပြုလွှာများအတွက် အရည်အသွေးဆိုင်ရာ စံသတ်မှတ်ချက်များ ချမှတ်ရန်
- ရေရှည်တည်တံ့သောသစ်တောနှင့် သဘာဝသယံဇာတများစီမံခန့်ခွဲမှုလုပ်ငန်းနယ်ပယ်တွင် ဆောင်ရွက်နေသော ပြည်တွင်းအဖွဲ့အစည်းများအကြား ပါတနာအဖြစ်ပူးပေါင်းလုပ်ဆောင်မှုများအားကောင်းလာစေရန်အတွက် အခွင့်အလမ်းတစ်ရပ်ပေးရန်
- ပါဝင်မည့်သူများအား FLEGT ၏ VPA လုပ်ငန်းစဉ်ကို ပိုမိုခြုံငုံနားလည်လာစေရန်နှင့် မြန်မာ့ VPA လုပ်ငန်းစဉ်၏ တိုးတက်မှုအခြေအနေကို ပိုမို သိမြင်နားလည်လာစေရန်
- Grant လျှောက်လွှာများအား လေ့လာဆန်းစစ်ရန်အတွက် ယာယီလုပ်ငန်းဆောင်ရွက်မှုအဖွဲ့ (ITF) ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်

## ၃။ မျှော်မှန်းရလဒ်များ

- ပါဝင်သူများအနေဖြင့် FLEFT-VPA လုပ်ငန်းစဉ်၏ ဆောင်ရွက်ချက်များ၊ ဦးစားပေးမှုများနှင့် စိန်ခေါ်မှု များကို နားလည်လာစေရန်
- ပါဝင်သူများအနေဖြင့် VPA support fund ၏ ဘောင်အတွင်း အံဝင်မည့် စီမံချက်အကြောင်းအရာများကို ဖော်ထုတ်လာနိုင်စေရန်
- ပါဝင်သူများအနေဖြင့် စီမံချက်ဒီဇိုင်းရေးဆွဲခြင်းအဆင့်ဆင့်နှင့် ကောင်းမွန်သောရန်ပုံငွေအဆိုပြုလွှာတစ်ခုတွင် ပါဝင်ရမည့်အရာများကို ကျွမ်းကျင်ပိုင်နိုင်မှု ရှိလာစေရန်
- ပါဝင်သူများအနေဖြင့် စီမံချက်လျှောက်လွှာဖိုင်တစ်ခု (အထူးသဖြင့် Logical Framework) ကို နိုင်ငံ တကာအလှူရှင်များ၏ မျှော်မှန်းချက်များနှင့်အညီ ရေးသားနိုင်စေရန်
- ပါဝင်သူများအနေဖြင့် စီမံချက်ဘတ်ဂျက်ကိုရေးဆွဲလာနိုင်စေရန်နှင့် လိုအပ်သော ငွေကြေး ဆိုင်ရာ မှတ်တမ်းမှတ်ရာများ ထိန်းသိမ်းတတ်လာစေရန်
- ပါဝင်သူများအနေဖြင့် Due Diligence (လူ့အခွင့်အရေး အခြေအနေများအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိ/မရှိ လေ့လာဆန်းစစ်ခြင်း) ဆိုင်ရာ လိုအပ်ချက်များကို နားလည်လာစေရန်နှင့် သင့်လျော်စွာ ဆောင်ရွက်တတ်လာစေရန်
- ITF အဖွဲ့ဝင်များအနေဖြင့် Grant လျှောက်လွှာများအား ထိရောက်စွာ လေ့လာဆန်းစစ်မှု ပြုလုပ်လာနိုင်ရန်

## ၄။ အလုပ်နယ်ပယ်

### ပါဝင်သည့်အကြောင်းအရာ

Grant writing အလုပ်ရုံဆွေးနွေးပွဲများတွင် အောက်ပါ အဓိကအချက် ၆ ချက်ကို ဆွေးနွေးမည်ဖြစ်သည် -

၁။ နိုင်ငံအတွင်းရှိ FLEGT- VPA လုပ်ငန်းစဉ်ဆိုင်ရာ အဓိက ကိစ္စရပ်များနှင့် VPA Support Fund ထံမှ ရန်ပုံငွေ ရရှိနိုင်ရန်အတွက် သတ်မှတ်ချက်များနှင့်ကိုက်ညီသော စီမံချက်အကြောင်းအရာများ

၂။ စီမံချက်၏ မရှိမဖြစ်ပါရှိရမည့်အရာများ (Intervention logic ၊ အညွှန်းကိန်းများနှင့် စိစစ်ရန်ရင်းမြစ်များ၊ ထိခိုက်ဆုံးရှုံးနိုင်ခြေနှင့် ယူဆချက်များ၊ ဘတ်ဂျက်၊ ရေရှည်တည်တံ့မှု) နှင့် စီမံချက်ဒီဇိုင်းနည်းလမ်းများ ( Stakeholder analysis ၊ Problem tree ၊ Objective tree ၊  Logical framework ၊ ထိခိုက်ဆုံးရှုံးနိုင်ခြေ လေ့လာဆန်းစစ်ချက်ပြဇယား ၊ အစရှိသဖြင့်)

၃။ ကောင်းမွန်သော ရန်ပုံငွေအဆိုပြုလွှာတစ်ခုတွင် ပါဝင်သည့်အချက်များနှင့် VPA Support Fund လျှောက် ထားခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ပြည်စုံစေခြင်း (Grant ပေးအပ်ခြင်း လုပ်ထုံးလုပ်နည်း များကို နောက်ဆက်တွဲ ၁ တွင် ကြည့်ရန်)

၄။ စီမံချက်အစီအစဉ် ချမှတ်ရန် ဘတ်ဂျက် သတ်မှတ်ရေးဆွဲခြင်း နှင့်

၅။ Due Diligence (လူ့အခွင့်အရေးအခြေအနေများအပေါ် ဆိုးကျိုးသက်ရောက်မှုများ ရှိမရှိ လေ့လာ ဆန်းစစ်ခြင်း) ဆိုင်ရာ လိုအပ်ချက်များနှင့် ပြည့်စုံစေခြင်း

ထို့အပြင် Grant လေ့လာအကဲဖြတ်ခြင်းအလုပ်ရုံဆွေးနွေးပွဲတွင် အောက်ပါအချက်များကို ဆွေးနွေးမည် ဖြစ်သည် -

၁။ စံသတ်မှတ်ချက်များနှင့်အညီ အဆိုပြုလွှာများကို မည်သို့ အမှတ်ရရှိစေမည်နည်း။

၂။ သတ်မှတ်ထားသောရလာဒ်များ ရရှိစေရန်အတွက် စီမံချက်ဒီဇိုင်း၏ စွမ်းရည်ကို မည်သို့ဆုံးဖြတ် မည်နည်း။

၃။ VPA Support Fund ၏ TOR နှင့်ကိုက်ညီစေရန်အတွက် ဆောင်ရွက်ချက်များကို မည်သို့ရွေးချယ်မည် နည်း။

### နည်းလမ်း

ပါဝင်သူများအား အထောက်အကူပြုရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများတွင် အုပ်စုလိုက် နှင့် တစ်ဦးချင်းစီ သင်တန်းအခွင့်အလမ်းများပေးခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အကူအညီနှင့် အကြံပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်မှုပေးခြင်းတို့လည်း ပြုလုပ်ရမည် ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲ၏ ဒီဇိုင်းများရေးဆွဲရာတွင် ယဉ်ကျေး မှု နှင့် လူမှု-စီးပွားဆိုင်ရာ အချက်များကိုလည်း ထည့်သွင်းစဉ်းစားရမည် - ကျား/မ ရေးရာ၊

လူမှုအကာအကွယ် ပေးခြင်း၊ ဘာသာစကား နှင့် ပါဝင်သူများ၏ စာတတ်မြောက်မှုအနေအထားတို့ အပါအဝင်ဖြစ်သည်။ အတိုင်ပင်ခံသည် တည်ရှိနှင့်ပြီးဖြစ်သော သင်တန်းနည်းလမ်းများနှင့် လိုအပ်ချက်နှင့် အညီ ရေးဆွဲထားသော သင်တန်း နည်းလမ်းများကို အသုံးပြုပြီး အလုပ်ရုံဆွေးနွေးပွဲဒီဇိုင်းရေးဆွဲရန် မိမိ၏ အတွေ့အကြုံကို အသုံးပြုရမည်ဖြစ်သည်။

အတိုင်ပင်ခံသည် မိမိ၏ အဆိုပြု အလုပ်ရုံဆွေးနွေးပွဲဒီဇိုင်းများကို ယာယီလုပ်ငန်းဆောင်ရွက်မှုအဖွဲ့ (ITF) နှင့် Palladium သို့တင်ပြရမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲများ မတိုင်မီ သဘောတူခွင့်ပြုချက် ရယူရမည်ဖြစ်သည်။

**အကဲဖြတ်ခြင်း**

အတိုင်ပင်ခံအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲအတွက် အကဲဖြတ်နည်းလမ်းတစ်ရပ်ကို ဒီဇိုင်းရေးဆွဲပြီး ပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။ အလုပ်ပြီးဆုံးပါက အလုပ်ရုံဆွေးနွေးပွဲ၏ အဆုံးသတ်အစီရင်ခံစာကို ပြင်ဆင်ရေးသားပြီး ITF နှင့် Palladium သို့ ပေးပို့ရမည်ဖြစ်သည်။

## ၅။ အလုပ်ရုံဆွေးနွေးပွဲနေရာ

Grant writing အလုပ်ရုံဆွေးနွေးပွဲ ၃ ခုကို ကျင်းပမည် - ရန်ကုန်တွင် တစ်ခု၊ မန္တလေးတွင် တစ်ခု နှင့် ထားဝယ်တွင် တစ်ခု ပြုလုပ်မည်ဖြစ်သည်။ ထို့အပြင် Grant evaluation အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကိုလည်း ရန်ကုန်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

## ၆။ အလုပ်ရုံဆွေးနွေးပွဲ ကြာမြင့်ချိန်

Grant writing အလုပ်ရုံဆွေးနွေးပွဲတစ်ခုစီအတွက် ၃ - ၄ ရက် ကြာမြင့်မည် ဖြစ်သည်။ Grant evaluation အလုပ်ရုံဆွေးနွေးပွဲအတွက် ၁ ရက် ကြာမြင့်မည်။

## ၇။ ပါဝင်သူများ

အလားအလာရှိသော ပါတနာအဖွဲ့အစည်းများက ဤ Support Fund တွင် စိတ်ဝင်စားမှုများကို စာရင်းသွင်းပြသခဲ့သည်။ ပါဝင်သူအရေအတွက် စုစုပေါင်း ၄၀-၆၀ ဦး ရှိမည် ဖြစ်သည်။

## ၈။ လေ့လာသုံးသပ်ခြင်း

**ရွေးချယ်မှုဆိုင်ရာ စံသတ်မှတ်ချက်များ**

အောက်ပါအချက်များနှင့်အညီ လျှောက်လွှာများကို လေ့လာသုံးသပ်မည် ဖြစ်သည် -

၁။ လိုအပ်သော အတွေ့အကြုံ - ၅၀%

၂။ အဆိုပြုနည်းလမ်း - ၃၀%

၃။ ငွေကြေးအဆိုပြုမှု - ၂၀%

## လိုအပ်သော အတွေ့အကြုံ

ဤ အတိုင်ပင်ခံနေရာအတွက် ပြည်တွင်း (သို့မဟုတ်) ပြည်ပမှ ပညာရှင်တစ်ဦးချင်းစီ (သို့မဟုတ်) အဖွဲ့အစည်းများသည် အောက်ဖော်ပြပါဆိုင်ရာ အတွေ့အကြုံများရှိကြောင်း ပြသနိုင်ပါက လျှောက်ထားနိုင်သည်-

- နိုင်ငံတကာ အလှူရှင်များက ငွေကြေးထောက်ပံ့သော Multi-stakeholder Grant Writing အလုပ်ရုံ ဆွေးနွေးပွဲများကို အောင်မြင်စွာ ဒီဇိုင်းရေးဆွဲ ပြုလုပ်နိုင်ခဲ့ကြောင်း ခိုင်မာသည့် မှတ်တမ်း (၂၀)
- သစ်တောစီမံအုပ်ချုပ်မှုကို နားလည်ခြင်း၊ အထူးသဖြင့် VPA negotiation လုပ်ငန်းစဉ်ကို နားလည်သူအား ပိုဦးစားပေးမည် (၁၀)
- မြန်မာနိုင်ငံတွင် အလုပ်အတွေ့အကြုံ - ပတ်ဝန်းကျင်၊ ယဉ်ကျေးမှု၊ လူမှု-စီးပွား နှင့် နိုင်ငံရေးအခြေအနေများကို နားလည်ခြင်း (၁၀)
- ပဋိပက္ခ နှင့် ပြန်လည်ထူထောင်ခြင်း ကနဦးအဆင့်များရှိ ခံနိုင်ရည်အား၊ ကျား/မ ရေးရာ ကိစ္စရပ်များ နှင့် လူမှုကာကွယ်ခြင်းတို့အား နားလည်ခြင်း (၁၀)

## အဆိုပြုနည်းလမ်း

သတ်မှတ်ထားသော ရည်ရွယ်ချက်များနှင့်ရလာဒ်များအား မည်သို့ရရှိအောင်ဆောင်ရွက်မည် ဆိုသည့်အကြောင်းကို အတိုင်ပင်ခံအနေဖြင့် အသေးစိတ်ဖော်ပြရမည် ဖြစ်သည် - အလုပ်ရုံဆွေးနွေးပွဲများ၏ အစီအစဉ် များကို ခြုံငုံဖော်ပြခြင်း၊ ပြုလုပ်မည့်နည်းလမ်းများ၊ ပါဝင်သူများ၏ ဘာသာစကားနှင့် တည်ရှိပြီး ဗဟုသုတအတိမ်အနက်အပါအဝင် ကျား/မရေးရာနှင့် လူမှု-စီးပွားဆိုင်ရာအချက်များကို ထည့်သွင်းစဉ်းစားပြီး အထောက်အကူပြုမည့် မှတ်တမ်းမှတ်ရာများကို အသေးစိတ်ဖော်ပြချက်တွင် ထည့်သွင်းရမည်။ အဆိုပြုအကဲဖြတ် နည်းလမ်းတစ်ခုကိုလည်း တင်ပြရမည် ဖြစ်သည်။

## ငွေကြေးအဆိုပြုမှု

အတိုင်ပင်ခံသည် အောက်ပါဇယားကို အသုံးပြုပြီး နေ့စဉ်လုပ်အားခနှုန်းထားကို ဖော်ပြရပါမည်။ ပြန်ပေးစရာမလိုသော ကုန်ကျစရိတ်များကို ဤဇယားတွင် ဖော်ပြပါ။ ဇယားတွင်ဖော်ပြမည့် နှုန်းထားကို အခြေပြု၍ အပြိုင်အဆိုင်တင်ဒါ လေ့လာဆန်းစစ်မှု ပြုလုပ်မည်ဖြစ်သည်။ အခြားသောကုန်ကျစရိတ်များကိုမူ ပြေစာတင်ပြနိုင်ပါက ပြန်ပေးမည်ဖြစ်သည်။ ပြန်ပေးရမည့် ကုန်ကျစရိတ်များကိုလည်း ခန့်မှန်းတင်ပြရပါမည်။

| လုပ်အားခ | အတိုင်ပင်ခံတစ်ဦးလျှင် | အတိုင်ပင်ခံတစ်ဦးလျှင် | အတိုင်ပင်ခံတစ်ဦးလျှင် |
|---|---|---|---|
| နေ့စဉ်နှုန်းထား | X | X | X |
| တာဝန်ထမ်းဆောင်သည့်ရက်ပေါင်း | Y | Y | Y |
| စုစုပေါင်း | =X*Y | =X*Y | =X*Y |

အလုပ်ရုံဆွေးနွေးပွဲ သုံးခုရှိမည်ဖြစ်ပြီး တစ်ခုစီတိုင်းအတွက် သီးသန့်ဇယားဖြင့် တင်ပြရမည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရာနေရာ၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများအတွက် အစားအသောက် ဝန်ဆောင်မှု နှင့် ဆွေးနွေးပွဲတက်ရောက်မှုဆိုင်ရာ ကုန်ကျစရိတ်များကို VPA Support Fund မှ ကျခံရမည်ဖြစ်သည်။ အတိုင်ပင်ခံ၏ ခရီးသွားစရိတ်၊ နေရာထိုင်ခင်း၊ အစားအသောက်နှင့် အသေးအဖွဲများ၊ ပရင့်ထုတ်ခြင်းနှင့် ပစ္စည်းပစ္စယ လိုအပ်ချက်များမှာ အတိုင်ပင်ခံ၏ တာဝန်ဖြစ်သည်။

## ၉။ လျှောက်ထားခြင်း

စိတ်ဝင်စားသူများအနေဖြင့် အောက်ပါ သတ်မှတ်ချက်အတိုင်း အင်္ဂလိပ်လိုဖြင့် လျှောက်ထားနိုင်ပါသည် -

- Cover letter (အများဆုံး ၄ မျက်နှာ၊ အထက်တွင်ဖော်ပြထားသော စံသတ်မှတ်ချက်များနှင့် မည်သို့ သင့်လျော်မှုရှိကြောင်း အသေးစိတ် ဖော်ပြပါ)
- အဆိုပြုနည်းလမ်း - အလုပ်ရုံဆွေးနွေးပွဲများ၏ အစီအစဉ်များအပါအဝင် (အများဆုံး ၅ မျက်နှာ)
- အထက်ဖော်ပြပါ ဇယားအတိုင်း အဆိုပြုငွေကြေး (မြန်မာကျပ်ငွေ သို့မဟုတ် အမေရိကန်ဒေါ်လာဖြင့် ဖော်ပြပါ)
- အဆိုပြုလွှာတွင် ပါဝင်သော လူပုဂ္ဂိုလ်များအားလုံး၏ Up-to-date CV

လျှောက်ထားချက်များကို Palladium Myanmar Limited - အမှတ် ၈၄၊ UNITEAM TOWER ၊ ပန်းလှိုင်လမ်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန် (သို့မဟုတ်) myanmar.grants@thepalladiumgroup.com သို့ပေးပို့နိုင်ပြီး khincho.chohtun@thepalladiumgroup.com နှင့် james.pilkington@thepalladiumgroup.com ကို CC တွဲ၍ ပေးပို့ရမည် ဖြစ်ပါသည်။ လျှောက်ထားချက်နှင့်ပတ်သက်၍ မေးမြန်းစုံစမ်းလိုပါက ဖုန်းနံပါတ် 0996 354 1351 သို့ ဆက်သွယ်နိုင်ပါသည်။

လျှောက်လွှာပေးပို့ရန် နောက်ဆုံးရက် - ၂၀၁၈၊ ဇန်နဝါရီလ ၅ ရက် (ညနေ ၅ နာရီ)